မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်

Burmese Christian Fellowship

# †Newsletter - သတင်းလွှာ

Enjoy free reading from B.C.F. ___ Volume 10/Issue 6 / June / 2017

## အဘ၏ပညတ်စကား

(သုတ္တံကျမ်းမှကောက်နုတ်ချက်)

ငါ့သား၊ အဘ၏ပညတ်စကားကို နားထောင်လော့။
အမိပေးသော တရားကို မပယ်နှင့်။
နှလုံးပေါ်မှာအမြဲချည်၍ လည်ပင်း၌ဆွဲထားလော့။

သင်သည် အခြားသို့သွားသောအခါ၊
ထိုပညတ်တရားသည် .. လမ်းပြလိမ့်မည်။
အိပ်သောအခါ .. သင့်ကိုစောင့်လိမ့်မည်။
နိုးသောအခါ .. သင်နှင့်နှုတ်ဆက်လိမ့်မည်။

အကြောင်းမူကား၊
ပညတ်တော်သည် .. မီးခွက်ဖြစ်၏။
တရားတော်သည် .. အလင်းဖြစ်၏။
အပြစ်ကို ပြတတ်သော ဩဝါဒစကားသည် .. အသက်လမ်းဖြစ်၏။

ငါ့သား .. ၊ သမ္မာတရားကို ဝယ်လော့။ မရောင်းနှင့်။
ပညာကိုရင်း၊ ဆုံးမဩဝါဒကိုရင်း၊ ဉာဏ်သတ္တိကိုရင်း၊ ထိုအတူပြုလော့။

ငါ့သား .. ၊ သင့်ကို ဖြစ်ဘွားစေသော အဘ၏စကားကို နားထောင်လော့။
အသက်ကြီးသောအမိကို မထီမဲ့မြင်မပြုနှင့်။

ငါ့သား .. ၊ ဖြောင့်မတ်သောသူ၏ အဘသည် အလွန်ဝမ်းမြောက်လိမ့်မည်။
ပညာရှိသောသားကို ဖြစ်ဘွားစေသောသူသည် ထိုသား၌ အားရဝမ်းမြောက်လိမ့်မည်။
သင်၏မိဘတို့သည် ဝမ်းမြောက်၍ သင့်ကို မွေးဘွားသောသူသည် ရွှင်လန်းလိမ့်မည်။

# B.C.F. 2017, June Events

## Father's Day Prayers



Oh Lord!
My God,

*Bless all the fathers in the world.*

Guide them to be good role models and loving to all their children.

*Help them to be a father like You are.*

Give them grace and patience to handle situations in a loving way.

In the name of Jesus Christ,
We pray
Amen.

*May God's blessings be with you, all!*

2017 JUNE

| Sunday | Monday | Tuesday | Wednesday | Thursday | Friday | Saturday |
|---|---|---|---|---|---|---|
| | | | | 1 | 2 | 3 |
| 4 | 5 | 6 | 7 | 8 | 9 | 10 |
| 11 | 12 | 13 | 14 | 15 | 16 | 17 |
| 18 | 19 | 20 | 21 | 22 | 23 | 24 |
| 25 | 26 | 27 | 28 | 29 | 30 | |

SUMMERTIME

***Holy Communion***
**6/ 04 / 2017**

~~~~~~~~~~~~~~

**Regular Service and BCF Official Board Meeting**
**6/ 11 / 2017**

~~~~~~~~~~~~~~

**Fathers' Day Sunday**
**6/ 18 / 2017**

~~~~~~~~~~~~~~

**Christian Home and Family Sunday**
**6/ 25 / 2017**

~~~~~~~~~~~~~~

***Every Service on Sunday 2:00PM at***
***1337 Farmstead Ave.***
***La Puente, CA 91745***




## Father's Day

**June 18, 2019**

**F-A-T-H-E-R-S**

"F"
for *Faithful*

"A"
for *Always there*

"T"
for *Trustworthy*

"H"
for *Honoring*

"E"
for *Ever-loving*

"R"
for *Righteous*

"S"
for *Supportive*

Put them all together,
**F-A-T-H-E-R-S**
they spell
*"FATHERS"*

~~~~~~~~~~~~~~

**HAPPY FATHER'S DAY**
~~~~~~~~~~~~~~

# ချစ်ခင်နှစ်သက်ဖွယ်ရာ ဖခင်နှင့်သား

ကျွန်တော်ခရီးထွက်လာခိုက်၊ ခရီးဝေးသွားဘတ်(စ်)ကားပေါ် အရောက်တွင် အဖေနှင့် သားငယ်တစ်ယောက်က ကျွန်တော်၏နံဘေး ကပ်လျက်ခုံတန်း၌ နေရာကျနေသဖြင့် သူတို့ကို ကျွန်တော် စိတ်ဝင်စားမိသည်။ မိခင်မပါဘဲ ကလေးငယ်တစ်ယောက်နှင့် ခရီးထွက်လာသော ဖခင်အတွက် မလွယ်ကူလှကြောင်း ကျွန်တော်တွေးထင်မိသည်။

ဖခင်က သူ၏သားငယ်ကို ခရီးစဉ်တလျှောက် မြင်တွေ့ရသောအရာများကို လက်ညှိုးပြထိုးကာ ရှင်းလင်းပြောပြသည်။ သားငယ်က ရေတောင်းလျှင်ရေ၊ မုန့်တောင်းလျှင်မုန့်၊ ပေးကာ စိတ်ရှည်စွာဖြင့် ကျွေးမွေးသည်။ ခဏအကြာတွင် သားငယ်လေး အိပ်ချင်လာ၍ မျက်စိစင်းလာသဖြင့် သားကို ပုံပြင်စာအုပ် ဖတ်ပြမယ်ဟု ပြောလိုက်သံကို ကြားရသည်။ ဤသို့နှင့် ခရီးတစ်လျှောက်လုံး နှစ်လိုဖွယ်ကောင်းသည့် ဖခင်က စိတ်ရှည်နူးညံ့စွာဖြင့် ပုံပြင်စာအုပ်လေးကို ဖတ်ပြကာ၊ သား၏အာရုံကို စုစည်းလျက် ငြိမ်သက်စွာ အိပ်စေတော့သည်။

သားအဖနှစ်ဦးမှာ ကျွန်တော်တွေးထင်ထားသလို ခရီးသည်များကို ဘာမှအနှောင့်အယှက်မပေးကြပါ။ သားအဖနှစ်ဦးကို ကြည့်ရသည်မှာ ကြည်နူးနှစ်သက်စရာ ကောင်းလှပေ၏။ သားငယ်အိပ်မောကျစဉ် ဖခင်ဖြစ်သူမှာလည်း မျက်စိမှိတ်ကာ မှိန်းနေတော့၏။ အော်!ချစ်ဖွယ်ရာ ဖခင်နှင့်သားပါတကား။ သူတို့နှစ်ဦးလည်း လှုပ်ရှားမှုငြိမ်သက်သွားနေစဉ်၊ ကျွန်တော်စိတ်ထဲမှာ ဒါဝိဒ်မင်းကြီး၏ ဆာလံကျမ်းကို ပြန်လည်ကာ သတိရမိပါသည်။

ဒါဝိဒ်မင်းကြီးကလည်း သူရေးသားသည့် ဆာလံသီချင်းတစ်ခုတွင် – (ဆာ၊၁၀၃း၁၃) – “အဘသည်သားတိုကို သနားစုံမက်သည့်နည်းတူ ထာဝရဘုရားသည် ကြောက်ရွံ့သောသူတို့ကို သနားစုံမက်တော်မူ၏။”ဟု ကြွေးကြော်ခဲ့သည်။


ဤကျမ်းစကားက မေတ္တာကရုဏာ ပြခြင်းကို ရည်ညွှန်းနေပါသည်။ ဤသို့နူးညံ့သော စကားလုံးက ကောင်းကင်ဘုံရှင်အဘဘုရားသည် သူ၏သားသမီးများကိုမည်မျှနက်နဲစွာချစ်တော်မူကြောင်းကို ဖော်ပြနေပါသည်။

ထို့ပြင် သခင်ယေရှုခရစ်တော်အားဖြင့် ဘုရားသခင် ထာဝရဘုရားထံ မျက်မှောက်ပြုလျက်၊ “အဗ္ဗ၊ အဘ”ဟု ခေါ်ခွင့်ရခြင်းသည် (ရော ၈း၁၅) အလွန်ကြီးမြတ်သော ကျေးဇူးတော်ဖြစ်ကြောင်း ကျွန်တော်တို့အား သတိပေးနေပါသည်။

လောကတွင် ယာယီခရီးစဉ် သွားရသကဲ့သို့ပင် ဘဝခရီးလမ်းတစ်လျှောက်၌ အနားမရဂနာမငြိမ် ဖြစ်နေချိန်တွင် ကိုယ်တော်၏မေတ္တာဇာတ်လမ်းကို နားထောင်ရန် ကျွန်တော်တို့ကို ဘုရားရှင် အလိုတော်ရှိပါသည်။ အဘဘုရားသခင်သည် ကျွန်တော်တို့အနီး၌ အစဉ်ရှိပြီး သူ၏နှုတ်ထွက်စကားများအားဖြင့် ကျွန်တော်တို့ကို အားပေးစောင်မရန်လည်း အသင့်ရှိနေပါသည်။

ဘုရားမျက်မှောက်တော်နှင့် ကျွန်ုပ်အတွက်ပြင်ဆင်သော မေတ္တာတော်သည် မပြတ်အစဉ်စောင်မပြီး မပြောင်းမလဲ ထာဝရတည်ကြောင်းသိရ၍ ဝမ်းမြောက်ရွှင်မြူးခြင်းရှိပါ၏။

လောကသားသမီးများအပေါ်ထားသော ဘုရားသခင်၏ ကြီးမားသော မေတ္တာတော်နှင့် တုနှိုင်း၍မရသော ကောင်းမြတ်ခြင်းသည် အကောင်းဆုံးသော ဆုကျေးဇူးပင် ဖြစ်သည်။



ဖခင်အယောက်စီတိုင်းအပေါ်၌၊–
ထာဝရဘုရားသည် ကောင်းကြီးပေး၍ စောင့်မတော်မူပါစေသော။
ထာဝရဘုရားသည် မျက်နှာတော်အလင်းကိုလွှတ်၍ ကရုဏာကျေးဇူးပြုတော်မူပါစေသော။
ထာဝရဘုရားသည် မြော်ကြည့်၍ ချမ်းသာပေးတော်မူပါစေသော။ အာမင်။

**Our Heavenly Father**
**loves you**

~~~~~~~~~~~~~~~~

**Yesterday ...**

**He loved you,**

**Today ... He loves you,**

**Tomorrow ...**

**He will love you.**

**Nothing will change.**

**God never stop loving you!**
~~~~~~~~~~~~~~~~

## အဂ္ဂါပေ ချစ်ခြင်းမေတ္တာ

**ကျေးဇူးတော်**

အချစ်လေးမျိုးရှိပါတယ်။
ပထမအချစ်က .. Eros အချစ်၊
ဒုတိယက .. Philia အချစ်၊
တတိယက .. Storge အချစ်၊
စတုတ္ထအချစ်က .. Agape အချစ်ဖြစ်ပါတယ်

Eros အချစ်က ယောကျ်ားနဲ့မိန်းမအချစ် ဖြစ်တယ်။ ကိုယ့်ချစ်သူနဲ့တွေ့မယ်ဆိုရင် လက်တွဲချင်တယ်။ ဖက်ချင်တယ်။ နမ်းချင်တယ်။ အတူတူရှိချင်တဲ့စိတ်ဖြစ်တယ်။

Philia အချစ်က သူငယ်ချင်းအချစ် ဖြစ်တယ်။ သူငယ်ချင်းချင်း၊ ချစ်တဲ့အရာကို Philia အချစ်လို့ခေါ်တယ်။ Friendship လို့လည်းခေါ်တယ်။

Storge အချစ်က မိသားစုအချစ် ဖြစ်တယ်။

Agape အဂ္ဂါပေအချစ်ဆိုတာ ဘုရားသခင်ရဲ့ ချစ်ခြင်းမေတ္တာ ဖြစ်ပါတယ်။

ဆူးငါးလို့ခေါ်တဲ့ ငါးတစ်မျိုးရှိပါတယ်။ သူရဲ့ကျောပေါ်မှာ ဆူးပါတဲ့အတွက် သူ့ကို ဆူးငါးလို့ခေါ်တယ်။ ဆူးငါးရဲ့အရွယ်က လက်ဖဝါးလောက်ဘဲ ရှိတယ်။ ဆူးငါးအမက ဥအုပြီးနောက်ပိုင်းမှာ ဆူးငါးအထီးက သူ့ကလေးတွေကို ဥမှအကောင်ပေါက်လာတဲ့အထိ ဆယ့်ငါးရက်လုံးလုံး ဘာမျှမစား၊ အိပ်လည်းမအိပ်ဘဲ ကြည့်ရှုစောင့်ရှောက်ပေးရင်းနဲ့ နောက်ဆုံးမှာအသက်ဆုံးသွားတယ်။ အသက်ဆုံးသွားတဲ့အချိန်မှာလည်း သူရဲ့အသားကို အစာရှာမစားတတ်သေးတဲ့သူ့ကလေးတွေကပြန်စားတယ်။

အဂ္ဂါပေ ချစ်ခြင်းမေတ္တာဆိုတာ အပေးဘဲ ရှိတယ်။ ပြန်ယူတဲ့ အရာမရှိဘူး။ ဒါပေမဲ့၊ ကျွန်တော်တို့ဆီမှာရှိတဲ့ ချစ်ခြင်းမေတ္တာဆိုတာက "ငါ မင်းကို ဒီလောက်လုပ်ပေးတယ်။ မင်းက ငါ့ကို ဒီလောက်ပြန်လုပ်ပေးပါ။" ဆိုပြီး အပေးအယူရှိတဲ့ ချစ်ခြင်းမေတ္တာဖြစ်တယ်။

အဂ္ဂါပေ ချစ်ခြင်းမေတ္တာဖြစ်တဲ့ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာက အပေးဘဲ ရှိပါတယ်။ သခင်ယေရှု ကောင်းကင်ဘုံသို့ ဆောင်ယူခြင်းခံတော်မူပြီး နောက်ပိုင်းမှာ သူ့ရဲ့အသွေးအသားကို ကျွန်တော်တို့အတွက်ပေးခဲ့တယ်။ ဒါကြောင့်၊ ကျွန်တော်တို့ ကကိုယ့်အခြေအနေ အားဖြင့် မဟုတ်ဘဲ၊ သခင်ယေရှု အထောက်အထား အားဖြင့် ဘုရားသခင်၏ကောင်းကြီး လက်ခံဘို့ ထိုက်တန်တဲ့သူ ဖြစ်လာပါတယ်။

ဤအရာက၊ ဘုရားသခင်၏ အဂ္ဂါပေချစ်ခြင်းမေတ္တာ ဖြစ်ပါတယ်။။

# ယုံကြည်ခြင်းအသက်တာအကြောင်း တစေ့တစောင်း

< ကျေးဇူးတော် >



Redwood အပင်ပုံ

Redwood အပင်၏အမြင့်က မီတာ ၁၀၀–၁၄၀ လောက် ရှိပါတယ်။ Redwood အပင်၏ ထူးခြားချက်မှာ အမြစ်က ၃မီတာ ရှိတယ်။ သူ့ရဲ့အပင်နဲ့ နှိုင်းယှဉ်ကြည့်မယ် ဆိုရင်၊ သူ့အမြစ်က အရမ်းတိုတယ်။

Redwood တောရှိတဲ့ အမေရိကန်နိုင်ငံ၊ ကယ်လီဖိုးနီးယား ပြည်နယ်ကမ်းခြေမှာ မုန်တိုင်းလာတဲ့အချိန်များမှာ လေကအရမ်းပြင်းထန်တယ်။ အမြစ်က ၃ မီတာဘဲ ရှိပေမဲ့ ပင်လယ်ကမ်းခြေမှာ လေပြင်းတိုက်ရင်လည်း မလဲကျဘူး။ ဘာကြောင့်လည်း ဆိုရင် Redwood ရဲ့ထူးခြားချက်က အမြစ်ချင်း ဆက်သွယ်နေကြတယ်။ Redwood အပင်တွေက မြေကြီးအောက်မှာ အမြစ်တွေ အချင်းချင်း အားလုံး ဆက်သွယ်ယှက်နွယ်နေတဲ့ အတွက် ခံနိုင်ရည် ရှိကြပါတယ်။ ဘယ်လောက် လေပြင်းပြင်းတိုက်ပေမဲ့လည်း အပင်ကလဲပြိုမကျဘူး။ အမြစ်တွေ ဆက်သွယ်နေတဲ့ အတွက်ကြောင့် ဖြစ်တယ်။

ထိုကြောင့်၊ Redwood အပင်တွေက အမြစ်ချင်း ဆက်သွယ်နေတဲ့အတွက် အားရှိပြီး အမြင့်ကြီး ဖြစ်လာသလို ၊ ကျွန်တော်တို့ရဲ့စိတ်က အသင်းတော်နှင့် ဆက်သွယ်နေခြင်း အားဖြင့်၊ အသင်းတော်ဝင် ညီအစ်ကို၊ မောင်နှမ Brothers & Sisters ထံမှ မိတ်သဟာယဖွဲ့ခြင်း အားဖြင့် ခွန်အား ဖြစ်တယ်။ ကျွန်တော်တို့စိတ်ထဲကိုလည်း ဒီအင်အား စီးဆင်းလာတယ်။ မိမိ၏ကိုယ်တိုင် အားမရှိတဲ့အချိန်မှာ အသင်းတော်ကစီးဆင်းလာတဲ့အား ရှိလာတယ်။ ကျွန်တော်တို့အသက်တာမှာ၊ အမြဲတန်း ကြည့်ရှုစောင့်ရှောက်ပေးနေသော ဘုရားသခင်ရှိတဲ့ အတွက်ကြောင့် ဘုရားသခင်ရဲ့နှုတ်ကပါတ်တော် ခွန်အားရရှိတဲ့အချိန်မှာ ကျွန်တော်တို့ သစ်ပင် အမြင့်ကြီး ဖြစ်လို့ရပါတယ်။ ကိုယ့်ရဲ့စိတ်ကမ္ဘာထဲမှာချုပ်ထားပြီး အသက်ရှင်မယ်ဆိုရင် ဘယ်လိုမှ မကြီးထွားနိုင်ပါဘူး။

ကျွန်တော်တို့က ယုံကြည်ခြင်းရှိသူ ဖြစ်ရမယ်။ ဒီအရာက ကယ်တင်ခြင်း လက်ခံရရှိတဲ့ အတွက် ဘုရားသခင်ရဲ့အထူးကောင်းကြီးမင်္ဂလာဖြစ်တယ်။ ဒါကြောင့် ကယ်တင်ခြင်းမရဘူးဆိုရင် ဒီလိုမျိုး သဘောပေါက်မှာ မဟုတ်ဘူး။ ကယ်တင်ခြင်းအဓိပ္ပါယ်က နေ့တိုင်းအပြစ်ကျူးလွန် နေပေမဲ့လည်း ဖြောင့်မတ်သောသူဖြစ်တယ်။ ဒါဟာ နက်နဲသောအရာဖြစ်တယ်။ ဘုရားသခင်က ပြည့်စုံသောသူဖြစ်ပြီလို့ သတ်မှတ်လိုက်ပြီ။ ဘုရားသခင်ရဲ့ အမြင်ကမ္ဘာကို လက်ခံမယ်ဆိုရင်၊ ဒီအရာကို ကယ်တင်ခြင်းလို့ ခေါ်ပါတယ်။ ကျွန်တော်တို့က ဧဝံဂေလိတရားကို သေချာသဘောပေါက်လာတဲ့ အချိန်မှာ သခင်ယေရှု ပူဇော်ခြင်းအားဖြင့် ကပ်ကာလအဆုံးထိ ပြည့်စုံပြီ။ ထာဝရသန့်ရှင်းပြီဆိုပြီး၊ နှုတ်ကပါတ်တော်ကို လက်ခံတဲ့အချိန်မှာ အခြေအနေနဲ့ မဆိုင်ဘဲ၊ ဖြောင့်မတ်သောသူ ဖြစ်သလို အပြစ်သား ဒုက္ခိတ ဖြစ်နေပေမဲ့လည်း ပဋိညာဉ်တရား ကွဲလာပြီး၊ သာမာန်လူ အနေနဲ့နေခြင်းက **‘ယုံကြည်ခြင်းအသက်တာ’** ဖြစ်ပါတယ်။ ။

**ယုံကြည်ခြင်းသည် မြော်လင့်သောအရာတို့ကို မျက်မှောက်ပြုခြင်း ဖြစ်၏။**
**မမြင်သေးသောအရာတို့ကို သိမှတ်စွဲလမ်းခြင်း အကြောင်း ဖြစ်၏။**
**ထိုပါရမီကြောင့်၊ ရှေးလူဟောင်းတို့သည် ချီးမွမ်းတော်မူခြင်းကို ခံရကြ၏။**
ဟေဗြဲဩဝါဒစာ။ ၁၁း၁–၂

